ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အစိုးရ
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန
ကျောက်တန်းမြို့နယ်

# လူထုဗဟိုပြုစီမံကိန်း

# National Community Driven Development Project (NCDDP)



## ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

## Village Development Plan (VDP)

ကျိုက္ကမော့ကျေးရွာ၊ရွှေပျောက်ကျေးရွာအုပ်စု

၂၀၁၈ ခုနှစ်　　　　ကျောက်တန်းမြို့

မာတိကာ

၁။ ကျောက်တန်းမြို့နယ် မြေပုံ--------------------------------------------------------------------------------------------၂

၂။ ရွှေပျောက်ကျေးရွာအုပ်စုမြေပုံ ----------------------------------------------------------------------------------------၃

၃။ ကျေးရွာအုပ်စုတွင် ပါဝင်သော ကျေးရွာစာရင်းနှင့် ကျေးရွာသမိုင်းကြောင်း ---------------------------------------------၄

၄။ ကျေးရွာအခြေခံအချက်အလက်များ -------------------------------------------------------------------------------------၅

၆။ ကျေးရွာဖွံ့ဖြိုးရေးအစီစဉ်အတွက် အသုံးပြုခဲ့သော PRA tool များနှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ -----၇ မှ ၁၃

၇။ အမျိုးသမီးကဏ္ဍအစည်းအဝေးမှတ်တမ်းနှင့် စစ်ဆေးရမည့်အချက်များ --------------------------------------၁၄

၈။ ကျေးရွာမိတ်ဆက်အစည်းအဝေးတွင် အမျိုးသမီးကဏ္ဍအတွက် စောင့်ကြည့်စစ်ဆေးရမည့် အချက်များ -၁၅ မှ ၁၆

၉။ ကော်မတီဝင်များရွေးချယ်ခြင်းနှင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှု မှတ်တမ်းဓါတ်ပုံများ --------- ၁၇ မှ ၁၈

၁၀။ကျေးရွာကော်မတီစာရင်း -----------------------------------------------------------------------------------------၁၉


၁၁။ ပုံစံ - စ -၁၊ ကျေးရွာအချက်အလက်များ --------------------------------------------------------------၂၀ မှ ၂၂

၁၂။ ပုံစံ - ၃၊ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် ----------------------------------------------------------၂၃ မှ ၂၄

၁၃။ အစည်းအဝေးမှတ်တမ်းများ ------------------------------------------------------------------------------၂၅ မှ ၂၈

၁၄။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက် အရည်အသွေးထိန်းချုပ်မှု ( Checklist ) -----------------------------------------၂၉

## ၁။ ကျောက်တန်းမြို့နယ် မြေပုံ


ကျောက်တန်းမြို့နယ်ရှိ ကျေးရွာများ အခြေပြမြေပုံ
သန်လျင်မြို့နယ်
သုံးခွမြို့နယ်
ကျောက်တန်းမြို့
တံတားမြို့
ရန်ကုန်မြစ်
စစ်တောင်းမြစ်
ရည်ညွှန်းချက်
ကွန်ကရစ် (ဘီးနှစ်ဖက်) -
ကွန်ကရစ် -
ကတ္တရာ -
ကျောက် -
ဂဝံ -
မြေ -

၂။ ရွှေပျောက်ကျေးရွာအုပ်စုမြေပုံ



## ၃။ ကျေးရွာအုပ်စုတွင်ပါဝင်သော ကျေးရွာစာရင်းများ

၁။ ကျိုက္ကမော့ကျေးရွာ

၂။ ရွှေပျောက်ကျေးရွာ

၃။အဒ္ဒတောကျေးရွာ

၄။ကြာကန်ဒိတ်ကျေးရွာ

၅။ဆေးဘိုဝကျေးရွာ

**၁။ ကျေးရွာသမိုင်းအကျဉ်း**

ကျိုက္ကမော့ကျေးရွာသည် ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်တောင်ပိုင်းခရိုင်၊ ကျောက်တန်းမြို့နယ်နှင့် (၅)မိုင်ခန့်ကွာဝေးသောရွာတစ်ရွာဖြစ်ပါသည်။ ကျေးရွာကို သာသနာတော်နှစ်(၈၆)ခုနှစ်တွင် စတင်ပေါ်ပေါက်လာခဲ့သည်ဟု သိရပါသည်။ ပါဒမင်းဆက်(၇)ဆက်မြောက် ဇေယျသေနမင်းလက်ထက်တွင် မွန်၊ ကရင်၊ ဇလုံ၊ ရှမ်းစသောလူမျိုးစုများနေထိုင်ခဲ့ကြပါသည်။ ထိုလူမျိုးတို့သည် ခေတ်အဆက်ဆက်နေထိုင်ခဲ့ကြပြီး နောက်ပိုင်းတွင် ကရင်လူမျိုး အကြီးအမှူးတယောက်က အုပ်ချုပ်ခဲ့ပါသည်။ ကျိုက္ကမော့ဟူသောစကားသည် မွန်ဘာသာမှဆင်းသက်လာပါသည်။ ကျိုက်= ဘုရား၊ ကမော့=အစွန်း (တောင်စွန်းတွင်တည်ထားသော ဘုရား)ဟု အမည်ရသည်။ ကျိုက္ကမော့ဘုရားကို အစွဲပြု၍ ဘုရားအနီးတွင်တည်ရှိသော ရွာဖြစ်သောကြောင့် ကျိုက္ကမော့ရွာဟု အမည်တွင်ခဲ့ပါသည်။ ရွာ၏ အရှေ့ဘက်နှင့် တောင်ဘက်တွင် လယ်ကွင်းများရှိပြီး အနောက်ဘက်နှင့် မြောက်ဘက်တွင် တောတန်းများရှိပါသည်။ လယ်ယာ စိုက်ပျိုးရေးလုပ်ငန်းကို အဓိကလုပ်ကိုင်ကြပါသည်။ ရာသီပင်များလည်း စိုက်ပျိုးကြပါသည်။ မိရိုးဖလာ ခမောက်ချုပ်လုပ်ငန်းနှင့် တနိုင်တပိုင်မွေးမြူရေး လုပ်ငန်းများလုပ်ကိုင်ကြပါသည်။ အိမ်ထောင်စု (၁၀၁)ခန့်ရှိပြီး လူဦးရေ (၃၅၉)ဦး ရှိပါသည်။ လျှပ်စစ်မီး ရရှိခြင်းတွင် လုံလောက်မှုမရှိချေ။ ရေတွင်း ရေကန်များရှိ သော်လည်း နွေရာသီတွင် ရေလုံလောက်မှု မရှိပေ။ သွားလာရေးလွယ်ကူပြီး ကား၊ ဆိုင်ကယ်များနှင့် သွားလာနိုင် ပါသည်။

## ၄။ ကျေးရွာအခြေခံအချက်အလက်များ

လူနည်းစုလူမျိုးစုအိမ်ထောင်စု

| အမျိုးအစား | အိမ်ထောင်စု | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ကရင် | ၁၀၀ | ၁၇၉ | ၁၈၀ | ၃၅၉ |
| | | | | |
| | | | | |

ထိခိုက်လွယ်အုပ်စု

| ထိခိုက်လွယ်အုပ်စု | အိမ်ထောင်စု | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| သက်ကြီး | ၁၈ | ၈ | ၁၀ | ၁၈ |
| မြေယာမဲ့ | ၀ | ၀ | ၀ | ၀ |
| မသန်စွမ်း | ၁ | ၁ | ၀ | ၁ |

အဓိကစီးပွားရေးလုပ်ငန်းများ

| စိုက်ပျိုးရေး | မွေးမြူရေး | အသေးစားစီးပွားရေး | အခြား |
|---|---|---|---|
| စပါး | ကြက် | ဈေးဆိုင်/ဖေ့ဘား | နိုင်ငံခြားသွား |
| ကွမ်း | ဝက်/ဘဲ | စက်ချုပ်ခြင်း | ပန်းရံလုပ်ခြင်း |
| | နွား/ဆိတ် | ဥယောက် | |

ကျေးရွာအတွင်းအဓိက ပိုင်ဆိုင်မှုများ


| ကျေးရွာပိုင်ဆိုင်မှုများ | စိုက်ပျိုးမြေ | စားကျက်မြေ | ဥယျာဉ်မြေ | သဲ/ကျောက်ရရှိမှု | ရေတွင်း/ရေကန် | စက်ရေတွင်း |
|---|---|---|---|---|---|---|
| အရေအတွက် | ၁၀၀ | - | - | သဲ | ၁၅/၄ | ၁၅ |
| ကျေးရွာပိုင်ဆိုင်မှုများ | ကား | ထော်လာဂျီ | စပါးကြိတ်စက် | ရိတ်ခြွေစက်၊ခြွေလှေ့စက် | လယ်ယာသုံးစက် | ဈေးဆိုင် |
| အရေအတွက် | ၅ | ၁ | - | - | - | ၄ |

ကျေးရွာအတွင်းအခြားပိုင်ဆိုင်မှုများ

| ကျေးရွာပိုင်ဆိုင်မှုများ | ရေတင်စက် | ထွန် | ထယ် | ကျွဲ | နွား |
|---|---|---|---|---|---|
| အရေအတွက် | ← | ၄ | ၄ | - | ၃၁ |
| ကျေးရွာပိုင်ဆိုင်မှုများ | ဝက်၊ဆိတ် | ဆိုင်ကယ် | ကျွမ်းကျင်လုပ်သား | လုပ်သား | လယ်ထွန်စက် |
| အရေအတွက် | ၁၉ | ၅၀ | ၇ | ၅၀ | ၁ |

၅။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်း နှင့် အကဲဖြတ်ခြင်း လုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်


| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိက ဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁ | လူမှုရေးနှင့် အရင်းအမြစ်ပြမြေပုံ | ၆.၁၁.၂၄ | ရပ်မိရပ်ဖ၊ ကျေးရွာ စေတနာ့ဝန်ထမ်း | ၁၀ | ၈ | ၁၈ | အိမ်အမျိုးအစားများ၊ အခြေခံအဆောက်အဦးများ၊ လမ်းပန်းဆက်သွယ်ရေး အခြေအနေ၊ လယ်ယာမြေများ၊ မြစ်ချောင်းများ၊ ရေတွင်း ရေကန်များ၊ သစ်တောများ |
| ၂ | ဥစ္စာဓနကြွယ်ဝမှု အဆင့်သတ်မှတ်ခြင်း | ၆.၁၁.၂၄ | ချမ်းသာ၊ အလယ်အလတ်၊ နွမ်းပါးသူများ | ၁၀ | ၈ | ၁၈ | ကျေးရွာလူမှုစီးပွားအုပ်စုများ ခွဲခြားသတ်မှတ်နိုင်ရေးအတွက် အခြေခံစံနှုန်းများ သတ်မှတ်ခြင်း၊ ကျေးရွာသားများနှင့် အများသဘောတူ ခွဲခြားသတ်မှတ်ခြင်း |
| ၃ | ကျားမရေးရာ ကဏ္ဍ - ၁ ပိုင်ဆိုင်မှု သုံးသပ်ခြင်း | ၆.၁၁.၂၄ | ရပ်မိရပ်ဖ၊ ကျေးရွာ စေတနာ့ဝန်ထမ်း | ၁၀ | ၅ | ၁၅ | ကျေးရွာတွင်း၌ ပိုင်ဆိုင်ထားသော အရင်းအမြစ်များအား သိရှိခြင်း |
| ၄ | ရာသီခွင်ပြ ပြက္ခဒိန် | ၆.၁၁.၂၄ | ရပ်မိရပ်ဖ၊ ကျေးရွာ စေတနာ့ဝန်ထမ်း | ၁၀ | ၆ | ၁၆ | ရာသီဥတု၊ စိုက်ပျိုးသီးနှံများ၊ လယ်ယာလုပ်ငန်းများ၊ နေ့စားလုပ်ငန်းများ၊ မွေးမြူရေးလုပ်ငန်းများ၊ ဝမ်းစာဖူလုံမှုနှင့် ပွဲတော်များ |
| ၅ | ကျားမရေးရာ ကဏ္ဍ - ၂ ပင့်ကူအိမ် သုံးသပ်ချက် | ၆.၁၁.၂၄ | အမျိုးသားများ နှင့် အမျိုးသမီးများ | ၁၀ | ၈ | ၁၈ | အမျိုးသားများနှင့် အမျိုးသမီးများ၊ တန်းတူအခွင့်အရေး ရရှိမှုနှင့် မရရှိသည့် အကြောင်းအရာများ |
| ၆ | ဗင်းပုံစံ | ၆.၁၁.၂၄ | ကျေးရွာ အုပ်ချုပ်ရေးမှူး၊ ကျေးရွာလူထု | ၁၁ | | [illegible] | ကျေးရွာအတွင်း၌ ပိုင်ဆိုင်ထားသော အရင်းအမြစ်များအား သိရှိခြင်း |




## လူမှုရေး အရင်းအမြစ်ပြ မြေပုံ

## သုံးသပ်ချက်

ကျိုက္ကမော့ကျေးရွာသည် ကျောက်တန်းမြို့နယ်၏ မြောက်ဘက်တွင် တည်ရှိပြီး ကျေးရွာတွင် အိမ်ထောင်စုပေါင်း (၁၀၁) စုရှိပြီး လူဦးရေ ( ၃၅၉ ) ရှိပါသည်။ ကျေးရွာတွင် ကရင်လူမျိုးအများစု နေထိုင်ပြီး ဗမာလူမျိုး အနည်းငယ်နေထိုင်ကြသည်။ စိုက်ပျိုးရေး နှင့် မွေးမြူရေးလုပ်ငန်းများကို လုပ်ကိုင်ကြပါသည်။ စပါးနှင့် ကွမ်းကို အဓိက စိုက်ပျိုးကြပါသည်။ ခြောက်လုပ်ငန်းကိုလည်း တစ်ပိုင်တစ်နိုင် လုပ်ကိုင်ကြပါသည်။ ကျိုက္ကမော့ကျေးရွာ၏ အနောက်ဘက်နှင့် မြောက်ဘက်တွင် တောတန်းများ ရှိပြီး အရှေ့ဘက်နှင့် တောင်ဘက်တွင် လယ်ကွင်းများရှိပါသည်။ စာသင်ကျောင်း (၁) ကျောင်းနှင့် ဘုန်းတော်ကြီးကျောင်း (၂) ကျောင်း၊ တန်ဆောင်း (၂) ခု နှင့် စေတီ (၃) ဆူ ရှိပါသည်။ လယ်ကွင်းများ၏ တောင်ဘက်တွင် ချောင်းသေးသေးလေး တစ်ခု ရှိပါသည်။ ချောင်းတစ်ဖက်တစ်ချက်စီကို ဆက်သွယ်ထားသော တံတားငယ်တစ်စင်း ရှိပါသည်။



# ဥစ္စာဓနကြွယ်ဝမှုဇယား

၈.၁၁.၂၀၁၇

ရွှေပျောက်ကျေးရွာအုပ်စု၊ ကျိုက္ကမော့ကျေးရွာ

| အဆင့် | သတ်မှတ်ချက် | အိမ်ထောင်စုအရေအတွက် | ရာခိုင်နှုန်း |
|---|---|---|---|
| ချမ်းသာ | လယ် ၃ ဧက၊ ကား၊ တိုက်၊ ခြံ၊ ဆိုင်ကယ်၊ ထွန်စက်၊ ထော်လာဂျီ၊ နွား၊ တီဗွီ | ၁၀ | ၁၀% |
| အလယ်အလတ် | သွပ်မိုး၊ ပျဉ်ကာ၊ ဆိုင်ကယ်၊ စက်ဘီး၊ တီဗွီ၊ ခြံ | ၃၇ | ၃၇% |
| နွမ်းပါး | ဝါး၊ ဓနိ၊ ထန်းရွက်ကာ၊ စက်ဘီး | ၅၄ | ၅၃% |
| | စုစုပေါင်း | ၁၀၁ | ၁၀၀% |


## ဥစ္စာဓနကြွယ်ဝမှု

### သုံးသပ်ချက်

ကျိုက္ကမော့ကျေးရွာတွင် ချမ်းသာ၊ အလယ်အလတ်၊ နွမ်းပါးဟူ၍ လူမှုအဆင့် (၃)ဆင့်ရှိသည်။ ချမ်းသာသောအဆင့်တွင် လယ်ဧက(၃)ဧက၊ ကား၊ တိုက်၊ ခြံ၊ ဆိုင်ကယ်၊ ထွန်စက်၊ ထော်လာဂျီ၊ နွား၊ တီဗွီစသည်တို့ ပိုင်ဆိုင်ပြီး အိမ်ထောင်စုမှာ (၁၀)စုဖြစ်ကာ ရာခိုင်နှုန်းမှာ (၁၀%)ဖြစ်ပြီး အလယ်အလတ်အဆင့်တွင် သွပ်မိုး၊ ပျဉ်ကာ၊ ဆိုင်ကယ်၊ စက်ဘီး၊ တီဗွီ၊ ခြံ စသည်တို့ကို ပိုင်ဆိုင်ပြီး အိမ်ထောင်စုမှာ (၃၇)စုဖြစ်ကာ ရာခိုင်နှုန်းမှာ (၃၇%)ဖြစ်သည်။ နွမ်းပါးသောအဆင့်တွင် ဝါး၊ ဓနိ၊ ထရံကာတို့ ပိုင်ဆိုင်ပြီး အိမ်ထောင်စုမှာ (၅၄)စုဖြစ်ကာ ရာခိုင်နှုန်းမှာ (၅၄%) ဖြစ်သည်ဟု ကျေးရွာသူကျေးရွာသားများမှ သတ်မှတ်ခဲ့ကြပါသည်။

ကျေးရွာအတွင်းနွမ်းပါးရခြင်းမှာ ဝင်ငွေနည်းပါးခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းနည်းပါးခြင်း၊ ပုံမှန်ဝင်ငွေ မရှိခြင်း၊ အရွယ်မရောက်ခင် လုပ်ငန်းခွင်ကိုဝင်ရခြင်းများ၊ အသိပညာ၊ အတတ်ပညာများနည်းပါးခြင်းများ၊ သားသမီးများ များပြားပြီး စားဝတ်နေရေး မပြေလည်မှုများကြောင့် ကျိုက္ကမော့ကျေးရွာတွင် နွမ်းပါးသူများများပြားရခြင်းဖြစ်ပါသည်။

## ၃။ ရာသီခွင်ပြ ပြက္ခဒိန် နှင့် သုံးသပ်ချက်။




**သုံးသပ်ချက်**

**ရာသီဥတု** တန်ခူးလ၊ ကဆုန်လများတွင် နေသာ၍ နယုန်၊ ဝါဆို၊ တော်သလင်းလအထိ မိုးရွာပါသည်။ ကျန်လများတွင် နေသာပါသည်။

**စိုက်ပျိုးရေး** စပါးကို နယုန်လတွင် စတင်စိုက်ပျိုးပြီး တန်ဆောင်မုန်းလတွင် ရိပ်သိမ်းကြပါသည်။


**ဝင်ငွေ** တန်ခူးလတွင် ဝင်ငွေနည်းပြီး ကဆုန်၊ နယုန်တွင် ဝင်ငွေများ၍ ကျန်လများတွင် ဝင်ငွေအသင့်အတင့်ရှိပါသည်။

**ထွက်ငွေ** တန်ခူး၊ ကဆုန်တွင် ထွက်ငွေများပြီး ကျန်လများတွင် ထွက်ငွေအသင့်အတင့် ရှိပါသည်။

**ခမောက်လုပ်ငန်း** တန်ခူး၊ ကဆုန်တွင် လုပ်ကိုင်၍ နယုန်လမှ သီတင်းကျွတ်ထိနားပြီး တန်ဆောင်မုန်းမှ တပေါင်းလအထိ ပြန်လည်လုပ်ကိုင်ကြပါသည်။

**ပွဲတော်များ** တန်ခူးလတွင် သင်္ကြန်ပွဲ၊ ကဆုန်လတွင် ညောင်ရေသွန်းပွဲ၊ ဝါဆိုလတွင် ဝါဆိုသင်္ကန်းကပ်ခြင်း၊ သီတင်းကျွတ်လတွင် ကထိန်ပွဲကျင်းပခြင်း၊ တန်ဆောင်မုန်းလတွင် မီးထွန်းပွဲကျင်းပခြင်း၊ ပြာသိုလတွင် ကရင်နှစ်သစ်ကူးပွဲတော်များ ကျင်းပကြပါသည်။ တပိုတွဲလတွင် တရားစခန်းပွဲရှိပြီး တပေါင်းလတွင် ဘုရားပွဲကျင်းပကြပါသည်။

## ၄။ ဗင်းပုံစံ သုံးသပ်ချက်။





ဗင်းပုံစံ

သုံးသပ်ချက်

ကျေးရွာအတွင်း ချိတ်ဆက်နေသော အဖွဲ့အစည်းများမှာ အုပ်ချုပ်ရေးအဖွဲ့၊ ဂေါပကအဖွဲ့၊ မီးလင်းရေးအဖွဲ့၊ လမ်းကော်မတီအဖွဲ့တို့သည် ကျေးရွာ၏ ဖွံ့ဖြိုးရေး၊ တိုးတက်ရေး လုပ်ငန်းများကို အများဆုံးလုပ်ကိုင်ကြပါသည်။ ဝတ်ရွတ်အသင်း၊ နာရေးကူညီမှုအသင်းတို့သည် ကျေးရွာ၏ သာရေး၊ နာရေး၊ ရပ်ကျိုး ရွာကျိုးများကို လုပ်ကိုင်ရာတွင် ကူညီဆောင်ရွက်ပေးပါသည်၊ ယခုအခါတွင် လူထုဗဟိုပြုစီမံကိန်း ကျေးရွာစီမံကိန်းအထောက်အကူပြု ကော်မတီအဖွဲ့သည် ကျေးရွာတစ်ရွာလုံး၏ အကျိုးခံစားခွင့်ရှိသော ဖွံ့ဖြိုးရေး လုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ပါသည်။

မြို့နယ်နှင့် ချိတ်ဆက်နေသော အဖွဲ့အစည်းများမှာ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ်ပညာရေးမှူးရုံး၊ ကျေးလက်ဦးစီး၊ ကလေးသူငယ်စောင့်ရှောက်ရေး အဖွဲ့နှင့် ဆိုက်ဘာကာတို့သည် ကျေးရွာ၏ အုပ်ချုပ်ရေး၊ ပညာရေး၊ ကျန်းမာရေး တို့အတွက် ဆက်သွယ်လုပ်ဆောင်နေပါသည်။ မြို့နယ်လူထုဗဟိုပြု စီမံကိန်းရုံးသည် ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းလုပ်ဆောင်ရပါသည်။

၅။ ပင့်ကူအိမ် သုံးသပ်ချက်။



**သုံးသပ်ချက်**

**အိမ်မှုကိစ္စ** အိမ်မှုကိစ္စများကို အမျိုးသမီးများက အမျိုးသမီးသားများထက် ပို၍လုပ်ကိုင်ရပါသည်။ အမျိုးသားများသည် ငွေရှာရ၍ အပြင်၌သာ အချိန်ကုန်နေသောကြောင့် အိမ်မှုကိစ္စများကို လုပ်ကိုင်ရန် အချိန်မရှိသောကြောင့် အနည်းငယ်သာလုပ်ကိုင်နိုင်ကြောင်းတွေ့ရှိရပါသည်။

**ပညာရေး** အမျိုးသားများသည် အမျိုးသမီးများထက် ပညာသင်ခွင့် နည်းပါးနေကြောင်းတွေ့ရပါသည်။ အမျိုးသားများသည် အရွယ်ရောက်ချိန်များမှ စ၍လုပ်ငန်းခွင်များကို ဝင်ရောက်လုပ်ကိုင်ရသောကြောင့် ကျောင်းနေခွင့်မရကြပေ။

**အလုပ်အကိုင်** အမျိုးသမီးများသည် အမျိုးသားများလောက် အလုပ်အကိုင်အခွင့်အလမ်း မရရှိပါ။ ရှေးရိုးစွဲများကြောင့်အမျိုးသမီးများ လုပ်ကိုင်ခွင့်မရရှိပါ။ အိမ်မှုကိစ္စများတွင်သာ အချိန်ကုန်နေသောကြောင့်ဖြစ်သည်။

**ဝင်ငွေ** အမျိုးသားများသည် အမျိုးသမီးများထက် ဝင်ငွေပိုရရှိပါသည်။ အမျိုးသမီးများသည် အိမ်မှုကိစ္စတွင်သာ အချိန်ကုန်ရ၍ အပြင်အလုပ်မရှိသောကြောင့် ဝင်ငွေရရှိမှုနည်းပါးပါသည်။


**ကျန်းမာရေး** အမျိုးသားများနှင့် အမျိုးသမီးများ ဝန်ဆောင်မှုများ၊ ဗဟုသုတများ တန်းတူသိရှိပါသည်။


**လူမှုရေး** အမျိုးသမီးများသည် အမျိုးသားများထက် လူမှုရေးလုပ်ကိုင်မှုပိုများပါသည်။ အမျိုးသမီးများ သည် အပြင်လုပ်ငန်းတွင် မလုပ်ရ၍ လူမှုရေးကို ပိုမိုလုပ်ကိုင်နိုင်ပါသည်။

**ဘာသာရေး** အမျိုးသမီးများသည် အိမ်တွင်းမှုကိစ္စများကို အဓိကထားလုပ်ကိုင်နေကြရသောကြောင့် ဘာသာရေးကိစ္စရပ်များတွင် ပူးပေါင်းပါဝင်မှု အားနည်းကြောင်းတွေ့ရပါသည်။

**ဆုံးဖြတ်ချက်ချနိုင်မှု** အမျိုးသားသည် အမျိုးသမီးများထက် ဆုံးဖြတ်ချက်ချနိုင်မှု ပိုများပါသည်။ ရှေးရိုးစွဲအစဉ်အလာများကြောင့် အမျိုးသားများ၏ ဆုံးဖြတ်ချက်ကိုသာ ပို၍လိုက်နာကြပါသည်။

**၆။ ပိုင်ဆိုင်မှု သုံးသပ်ခြင်း။**






**သုံးသပ်ချက်**

**ထိန်းချုပ်မှု** ကျေးရွာ၏ အရင်းအမြစ်များ ဖြစ်သော လယ်လုပ်ငန်း၊ ဆိုင်ကယ်၊ စာသင်ကျောင်း၊ ဘုန်းကြီးကျောင်း၊ ထွန်စက်၊ ကား၊ ထော်လာဂျီစသည်တို့ကို အမျိုးသားများက ထိန်းချုပ်ထားပြီး ခမောက်လုပ်ငန်း၊ အပ်ချုပ်စက်၊ ဈေးဆိုင်စသည်တို့ကို ထိန်းချုပ်ထားပြီး လမ်း၊ စက်ဘီး၊ ရေတွင်း၊ ရေကန်၊ မွေးမြူရေး၊ စိုက်ပျိုးရေးစသည်တို့ကို အမျိုးသား/ အမျိုးသမီး များက ထိန်းချုပ်ကြပါသည်။

**အသုံးပြုမှု** ကျေးရွာ၏ အရင်းအမြစ်ဖြစ်သော ကား၊ ထွန်စက်၊ ထော်လာဂျီစသည်တို့ကို အမျိုးသားများက အသုံးပြုပြီး အပ်ချုပ်စက်၊ ဈေးဆိုင် စသည်တို့ကို အမျိုးသမီးများက အသုံးပြုပါသည်။ အမျိုးသား၊ အမျိုးသမီးများက ခမောက်လုပ်ငန်း၊ လယ်လုပ်ငန်း၊ ဆိုင်ကယ်၊ စက်ဘီး၊ စာသင်ကျောင်း၊ ရေတွင်း၊ ရေကန်၊ လမ်း၊ စိုက်ပျိုးရေး၊ ဘုန်းကြီးကျောင်းစသည်တို့ကို အသုံးပြုကြပါသည်။

**အမျိုးသမီးကဏ္ဍ အစည်းအဝေးမှတ်တမ်း နှင့် စစ်ဆေးရမည့်အချက်များ**

**၁။ အမျိုးသမီးကဏ္ဍ အစည်းအဝေးမှတ်တမ်း**

ကျေးရွာမိတ်ဆက်အစည်းအဝေးပြုလုပ်ရန် ဖိတ်ကြားရာတွင် အစည်းအဝေးတွင် အမျိုးသမီး အချိုးညီစွာ ပါဝင်ရန် ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖများကို ပြောကြားခဲ့ပါသည်။ ပထမအကြိမ် မိတ်ဆက်အစည်းအဝေး ၏ အစည်းအဝေးတိုင်းတွင် အမျိုးသမီးများ အချိုးညီစွာ တက်ရောက်ရန် ပြောကြားခဲ့ပါသည်။ အစည်းအဝေးတိုင်း တွင်လည်း အမျိုးသမီးများမှ ပြောကြားလိုသော အချက်များကို လွတ်လပ်ပွင့်လင်းစွာ ပြောဆိုခွင့်ရှိကြောင်းကို လည်း ပြောကြားခဲ့ပါသည်။

ကျေးရွာအုပ်စုအဆင့်တွင် နှစ်စဉ်ပြု လုပ်သော လုပ်ငန်းခွဲများတွင် အမျိုးသမီးများမှ တင်ပြတောင်းဆိုထားသော လုပ်ငန်းတစ်ခုပါဝင်ရမည် ဖြစ်ကြောင်းကိုလည်း ပြောကြားခဲ့ပါသည်။ လုပ်ငန်းခွဲများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင်လည်း လူထုလုပ်အားဖြင့် ဆောင်ရွက်သော လုပ်ငန်းများ ဖြစ်ပါက တူညီသော လုပ်ငန်းအတွက် တူညီသော လုပ်အားခများ ပေးချေရမည်ကိုလည်း ပြောကြားခဲ့ပါသည်။

စီမံကိန်း၏ ကဏ္ဍတိုင်းတွင် အမျိုးသမီးများ အခန်းကဏ္ဍကို ထည့်သွင်းထားပြီး အမျိုးသား/ အမျိုးသမီး ခွဲခြားမှုများ မရှိစေရန် ရည်ရွယ်ထားသည်ကို ရှင်းလင်းပြောကြားမှုများ ပြုလုပ်ခဲ့ပါသည်။

အမျိုးသမီးများ၏ ဦးဆောင်နိုင်မှု နှင့် စီမံခန့်ခွဲမှု စွမ်းရည်များ တိုးတက်လာစေရန်အတွက် ကော်မတီများ ထဲတွင် အမျိုးသမီးများ (၅၀%) ပါဝင်ရမည်ဖြစ်ပါသည်။ ဆပ်ကော်မတီ တစ်ခုတိုင်းတွင်လည်း အနည်းဆုံး အမျိုး သမီး တစ်ဦးပါဝင်ရမည်ဖြစ်ပါသည်။ ကော်မတီထဲတွင် ပါဝင်သော အမျိုးသမီးများသည် တင်ပြဆွေးနွေးမှုများ ပြုလုပ်ခြင်း၊ ဆုံးဖြတ်ချက်များချခြင်း စသည်တို့ကို ပြုလုပ်ရမည်ဖြစ်ပါသည်။

အမျိုးသားများမှလည်း ပံ့ပိုးကူညီပေး ရမည်ဖြစ်သည်။ ဒုတိယအကြိမ်အစည်းအဝေးတွင် အမျိုးသမီးများသည် မိမိတို့၏ လိုအပ်ချက် အခက်အခဲများကို လွတ်လပ်စွာဆွေးနွေးနိုင်ရန်အတွက် အမျိုးသမီးသီးသန့်အုပ်စုများ ဖွဲ့၍ အခက်အခဲများ၊ မျှော်မှန်းချက်များ၊ ဖွံ့ဖြိုး ရေးလုပ်ငန်းခွဲများ ထွက်ပေါ်လာသည်ထိ ဖော်ထုတ်ခြင်း လုပ်ငန်းကိုလည်း လုပ်ကိုင်ခဲ့ပါသည်။

## ၂။ ကျေးရွာမိတ်ဆက် အစည်းအဝေးတွင်အမျိုးသမီး ကဏ္ဍအတွက် စောင့်ကြည့်စစ်ဆေးရမည့်အချက်များ

**မေးမြန်းသည့်ရက်။** **ရက်စွဲ - ၈.၁၁.၂၀၁၇**

| စဉ် | အကြောင်းအရာ | တွေ့ရှိချက် √ | တွေ့ရှိချက် X | မှတ်ချက် |
|---|---|---|---|---|
| ၁ | အစည်းအဝေးတက်ရောက်လူသူများအား ကျား၊မ ရေးရာ အခြေခံသဘောတရား များကို ရှင်းလင်းဆွေးနွေးခဲ့ပါသလား။ | √ | | |
| ၂ | စီမံကိန်းတွင် ပါဝင်သော ကျား၊မရေးရာ အကောင်အထည်ဖော်ရေး လိုအပ်ချက် (၅)ချက်ကို ရှင်းလင်းပြခဲ့ပါသလား။ | √ | | |
| ၃ | အစည်းအဝေးများခေါ်ယူရာတွင်အမျိုးသား/သမီးများအချိုးညီစွာတက်ရောက်နိုင်ရေး အတွက် အသိပေးတိုက်တွန်း စည်းရုံးခဲ့တာမျိုး ရှိပါသလား။ | √ | | |
| ၄ | အမျိုးသမီးများ၏ စကားသံများ၊ ပြောဆိုနိုင်ခွင့်များ ပိုမိုထွက်ပေါ်လာအောင် ဖန်တီးပေးခဲ့ပါသလား။ | √ | | |
| ၅ | ဆပ်ကော်မတီဖွဲ့များဖွဲ့စည်းရာတွင်အမျိုးသမီးများနှင့်ပါဝင်ဖွဲ့စည်းရေး၊ပူးပေါင်းပါဝင်ရေး၊ဦးဆောင်နိုင်ရေးအတွက်တွန်းအားပေးကူညီဆောင်ရွက်ခဲ့ပါသလား။ | √ | | |
| ၆ | အစည်းအဝေးကို အမျိုးသား/သမီးများ အလွယ်တကူပါဝင်တက်ရောက်နိုင်သော အချိန်နှင့်နေရာများကိုရွေးချယ်ခြင်း၊ထည့်သွင်းစဉ်းစားဆောင်ရွက်ခြင်းများတို့ကိုလုပ်ဆောင်ခဲ့ပါသလား။ | √ | | |
| ၇ | လူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ်သောအုပ်စုများကို အစည်းအဝေးမစတင်မီ အချိန်များက ရှာဖွေဖော်ထုတ်ခဲ့တာမျိုးများ ရှိပါသလား။ | √ | | |
| ၈ | လူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ်သော အမျိုးသား/သမီးများထဲမှ အချို့ကို အစည်းအဝေးတက်ရောက်နိုင်အောင် ဖိတ်ကြားဆောင်ရွက်မှုမျိုး ရှိခဲ့ပါသလား။ | √ | | |
| ၉ | လူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ်သောအမျိုးသား/သမီးများနှင့် ကြုံတွေ့နေရသောအခက် အခဲများကို သင်ဆွေးနွေး မေးမြန်းခဲ့တာမျိုး ရှိပါသလား။ | √ | | |
| ၁၀ | အမျိုးသမီးများ ပြောဆိုတင်ပြနိုင်အောင် အချိန်ပေးရန်၊ ကြိုတင်စီစဉ်ဆောင် ရွက်မှုမျိုးများ ဆောင်ရွက်ခဲ့တာများ ရှိပါသလား။ | √ | | |
| ၁၁ | စီမံကိန်းလုပ်ငန်းခွဲများရှာဖွေဖော်ထုတ်ရာတွင်အမျိုးသား/သမီးများသီးခြားဆွေးနွေးဖော်ထုတ် ဆောင်ရွက်ခဲ့တာမျိုး ရှိပါသလား။ | √ | | |
| ၁၂ | ကျေးရွာစီမံကိန်း အထောက်အကူပြုကော်မတီများဖွဲ့စည်းရာတွင် အမျိုးသမီး၊ အမျိုးသား အချိုးညီမျှစွာ (၅၀ ႏ ၅၀) ဖွဲ့စည်းနိုင်ခဲ့ပါသလား။ **မဖွဲ့စည်းနိုင်ခဲ့ပါက မှတ်ချက်တွင် ရှင်းလင်းပါ။** | √ | | |
| ၁၃ | ဆပ်ကော်မတီများတွင် အနည်းဆုံး အမျိုးသမီးအဖွဲ့ဝင် တစ်ဦးနှုန်းဖြင့် ပါဝင်ဖွဲ့စည်းနိုင်ခဲ့ပါသလား။ **မဖွဲ့စည်းနိုင်ခဲ့ပါက မှတ်ချက်တွင် ရှင်းလင်းပါ။** | √ | | |
| ၁၄ | ကျေးရွာ/ကျေးရွာအုပ်စု ဖွံ့ဖြိုးရေးစီမံချက် များတွင် အမျိုးသမီးများ | √ | | |

| | | | | |
|---|---|---|---|---|
| | ရွေးချယ်ဆုံးဖြတ်သည့်လုပ်ငန်းစီမံချက် အနည်းဆုံးတစ်ခုပါဝင်နိုင်ရေးအတွက် စည်းရုံးဆွေးနွေးမှုများ ပြုလုပ်ဆောင်ရွက်ခဲ့ပါသလား။ | | | |
| ၁၅ | တက်ရောက်လာသူများအား အမျိုးသမီးများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် အမျိုးသမီးများရွေးချယ်လိုက်သော ဦးစားပေးရွေးချယ်မှုများကို ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း အသိပေးပြောကြားခဲ့ပါသလား။ | √ | | |
| ၁၆ | ရွေးချယ်လိုက်သော စီမံကိန်းလုပ်ငန်းခွဲများသည် ဒေသတွင်းမှာရှိသော လူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ် အုပ်စုများအပေါ် မည်သို့အကျိုးပြုနိုင်မည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားခြင်း၊ မှတ်တမ်းတင်ခြင်းများတို့ကို ဆောင်ရွက်ခဲ့ပါသလား။ | √ | | |
| ၁၇ | ကျေးရွာအုပ်စုအဆင့် အစည်းအဝေးပြုလုပ်ရာတွင် အုပ်စု စီ/ထောက် ကော်မတီဝင်များကို ကျား၊မ ရေးရာလိုအပ်ချက်များ အကြောင်းကိုရှင်းလင်းပြောကြားခဲ့ပါသလား။ | √ | | |
| ၁၈ | ကျေးရွာအုပ်စုအဆင့် အစည်းအဝေးပြုလုပ်ရာတွင် အုပ်စု စီ/ထောက် ကော်မတီဝင်များအားလုံး တက်ရောက်နိုင်မှု ရှိ/မရှိ စစ်ဆေးခဲ့ပါသလား။ **မတက်ရောက်နိုင်ခဲ့ပါက မှတ်ချက်တွင် ရှင်းလင်းပါ။** | √ | | |

## ၇။ ကော်မတီဝင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ

လူထုဗဟိုပြုစီမံကိန်း ဒုတိယနှစ်စက်ဝန်း ပထမအကြိမ် မိတ်ဆက်အစည်းအဝေးပွဲ



လူထုဗဟိုပြုစီမံကိန်း ဒုတိယနှစ်စက်ဝန်း ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ရေးဆွဲခြင်း အစည်းအဝေးပွဲ



လူထုဗဟိုပြုစီမံကိန်း ဒုတိယနှစ်စက်ဝန်း ကျေးရွာကော်မတီဝင်များအား မဲပေးရွေးချယ်သည့် မှတ်တမ်းဓါတ်ပုံ



လူထုဗဟိုပြုစီမံကိန်း ဒုတိယနှစ်စက်ဝန်း စီမံကိန်းလုပ်ငန်းခွဲ မပြုလုပ်မီ မှတ်တမ်းဓါတ်ပုံ



၈။ ကော်မတီဝင်များစာရင်း

| စဉ် | အမည် | လိင် | ရာထူး |
|---|---|---|---|
| ၁ | ဦးဇော်ထွန်း | ကျား | ဒု/ထောက် ခေါင်းဆောင် |
| ၂ | ဒေါ်ဝေဝေလွင် | မ | ဒု/ထောက် ခေါင်းဆောင် |
| ၃ | ဦးသိန်းဇော် | ကျား | ကျေးရွာစာရင်းကိုင် |
| ၄ | ဦးလင်းဇော်ထိုက် | ကျား | စေတနာ့ဝန်ထမ်း |
| ၅ | ဒေါ်တင်တင်ကြွ | မ | စေတနာ့ဝန်ထမ်း |
| ၆ | ဦးကျော်ကျော်ထွန်း | ကျား | ဝယ်ယူရေးဆပ်ကော်မတီခေါင်းဆောင် |
| ၇ | ဒေါ်မိုးမိုးဦး | မ | ဝယ်ယူရေးဆပ်ကော်မတီအဖွဲ့ဝင် |
| ၈ | ဦးမြင့်ဇော် | ကျား | လည်ပတ်ပြုပြင်ထိန်းသိမ်းရေးခေါင်းဆောင် |
| ၉ | ဒေါ်သန္တာဖြိုး | မ | လည်ပတ်ပြုပြင်ထိန်းသိမ်းရေးအဖွဲ့ဝင် |
| ၁၀ | ဦးကျော်စွာဝင်း | ကျား | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီခေါင်းဆောင် |
| ၁၁ | ဒေါ်နုနုရီ | မ | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီအဖွဲ့ဝင် |
| ၁၂ | ဦးနိုင်ကိုသူ | ကျား | ဝေဖန်အကြံပြုတိုင်ကြားချက်ဖြေရှင်းရေး |
| ၁၃ | ဒေါ်လှလှမြင့် | မ | " |
| ၁၄ | | | |
| ၁၅ | | | |
| ၁၆ | | | |
| ၁၇ | | | |
| ၁၈ | | | |
| ၁၉ | | | |
| ၂၀ | | | |
| ၂၁ | | | |
| ၂၂ | | | |
| ၂၃ | | | |
| ၂၄ | | | |
| ၂၅ | | | |

စုစုပေါင်း။ (၁၃) ယောက် ကျား- (၇) ယောက် + မ (၆) ယောက်

ကျေးရွာအုပ်စု စီမံကိန်းအထောက်အကူပြုကော်မတီ

၁။ ဦးဇော်ထွန်း ဥက္ကဋ္ဌ ဘဏ္ဍာရေးဆပ်ကော်မတီ

၂။ ဒေါ်ဝေဝေလွင် အဖွဲ့ဝင် ကျေးရွာအုပ်စု စီမံကိန်းအထောက်အကူပြုကော်မတီ

၃။ ဦးနိုင်ကိုသူ အဖွဲ့ဝင် ကျေးရွာအုပ်စု ဝေဖန်အကြံပြုကော်မတီ

၄။ ဒေါ်လှလှမြင့် အဖွဲ့ဝင် ကျေးရွာအုပ်စု ဝေဖန်အကြံပြုကော်မတီ

**မှတ်တမ်းတင်သူ**

အမည် - ဒေါ်ဖြူဇင်ဝင်း

ရာထူး - လူထုစည်းရုံးရေးမှူး

ရက်စွဲ - ၈.၁၁.၂၀၁၇

## ၉။ ပုံစံ စ-၁။ ကျေးရွာအချက်အလက်

### ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

***လမ်းညွှန်ချက်၊*** ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်းမိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှ တဆင့် ဖြည့်သွင်းရမည်။

| ကျေးရွာခေါင်းဆောင် အမည် | | ကျေးရွာခေါင်းဆောင်၏ ဖုန်းနံပါတ် | | လူထုစည်းရုံးရေးမှူး၏ အမည် |
|---|---|---|---|---|
| [illegible] | | ၀၉၇၉၅၉၈၇၅၉၂ | | [illegible] |
| ပြည်နယ်၊တိုင်းဒေသကြီး | မြို့နယ် ကျောက်တံခါး | ကျေးရွာအုပ်စု [illegible] | | ကျေးရွာ [illegible] |

က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ကရင် | ၁၀၀ | ဘာသာ (၁) ဗုဒ္ဓ | ၁၀၀ |
| လူမျိုးစု (၂) [illegible] | | ဘာသာ (၂) ဗုဒ္ဓ | |
| လူမျိုးစု (၃) ------------ | | ဘာသာ (၃) ------------ | |
| | | | |
| လူမျိုးစုရော ------------- | | ဘာသာရော ----------- | |
| အခြား | | | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | ၁ | | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ၁၈ ယောက် | | |
| စစ်ဘေးရှောင် | | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | ၁၇၉ | ၁၈၀ |
| လူမျိုးစု (၁)---------- | | |
| လူမျိုးစု (၂)---------- | | |
| လူမျိုးစု (၃)---------- | | |
| အခြား | | |
| အိမ်ထောင်ဦးစီး | ၈၁ | ၁၉ |

(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်းမာရေး | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|
| အထက်တန်းကျောင်း | ☐ | ဆေးရုံ | ☐ | စေတီ | ☐✓ |
| အလယ်တန်းကျောင်း | ☐ | ကျန်းမာရေးဌာန | ☐ | ဘုန်းကြီးကျောင်း | ☐✓ |
| မူလတန်းကျောင်း | ☐ ✓ | ကျန်းမာရေးဌာနခွဲ | ☐ | ဟိန္ဒူဘုရားကျောင်း | ☐ |
| မူကြိုကျောင်း | ☐ | ဆေးပေးခန်း | ☐ | ခရစ်ယာန်ကျောင်း | ☐ |
| အခြား | ☐ | အခြား | ☐ | ဗလီ | ☐ |
| | | | | အခြား | ☐ |
| *မှတ်ချက်* | | *မှတ်ချက်* | | *မှတ်ချက်* | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | | | (၂) ကျန်းမာရေး | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာ-မှလာသူ |
| မူလတန်းပြဆရာ/မ | ☐✓ | ☐ | ဆရာဝန် | ☐ | ☐ | လက်သမား | ☐ | ☐ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☐ ✓ | ☐ |
| အလယ်တန်းပြဆရာ/မ | ☐ | ☐ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☐ | ☐ |
| မူကြိုဆရာ/မ | ☐ | ☐ | သားဖွားဆရာမ | ☐ | ☐ | ရေပိုက်သွယ်သူ | ☐ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ | စက်ပြင်ဆရာ | ☐ | ☐ |
| *မှတ်ချက်* | | | *မှတ်ချက်* | | | *မှတ်ချက်* | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

| | | | |
|---|---|---|---|
| ကျောက်ကြမ်းလမ်း | ကတ္တရာလမ်း | ကွန်ကရစ်လမ်း | မော်တော်ဆိုင်ကယ်လမ်း |
| ကျောက်ခင်းလမ်း | မြေသားလမ်း (circled) | လူသွားလမ်း | အခြား ________ |

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက် — ဝိုင်းပါ

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှု စီမံချက်ရှိခဲ့ပါသလား? — ရှိပါသည်/မရှိပါ/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? — နှစ်--------/မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? — ပြုခဲ့ပါသည်/မပြုခဲ့ပါ /မသိပါ

(စ) ခရီးအကွာအဝေး

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? — မိုင်-၉.၃--/မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာ တွင်ကြာမြင့်သည့်အချိန်။

ချောက်သွေ့ရာသီတွင်ကြာချိန်------------------ ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှေ/မော်တော်ဘုတ်/

အခြား -------------------

မိုးရာသီတွင်ကြာချိန်----------------------------- ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှေ/မော်တော်ဘုတ်/

အခြား -------------------

**(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်**

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☐ မရှိပါ ☐ ရှိပါသည် ရှိလျှင်ဖော်ပြပါ ---[illegible]---

**(ဇ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ**

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) ----------------၁၀ ရှိ----------

(၂) -----------------------------------

**(ဈ) အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားခြင်း**

ဤကျေးရွာသည် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားမှု ရှိပါသလား။

☐ မရှိပါ ✓☐ ရှိပါသည်

ကျေးရွာခေါင်းဆောင် အမည် [illegible]

လက်မှတ် နေ့စွဲ ၁၀-၁၀-၂၀၁၇

လူထုစည်းရုံးရေးမှူး အမည် [illegible]

လက်မှတ် နေ့စွဲ -၁၀.၁၀.၁၇

## ၁၁။ ပုံစံ စ-၃။ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ်

### ပုံစံ - စ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

**လမ်းညွှန်ချက်။** အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြု ကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။

လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် - ဒေါ်ဖြူဇင်ဝင်း

နေ့စွဲ - ၈.၁၁.၁၇

စက်ဝန်းအား အမှတ်ခြစ်ပါ (√) □ စက်ဝန်း(၁) ☑ စက်ဝန်း(၂) □ စက်ဝန်း(၃) □ စက်ဝန်း(၄)

ပြည်နယ်/တိုင်း - ရခိုင် | မြို့နယ်-ကျောက်တော် ကျေးရွာအုပ်စု - ရွှေပျောက် | ကျေးရွာ - ကျိုက္ကမော်

**က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း** - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| **အမျိုးသား** အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | **အမျိုးသမီး** အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ | |
|---|---|---|---|
| ၁ | ကျေးရွာတွင်းလမ်းများ သွားလာရခက်ခဲခြင်း | ၁ | ကျေးရွာတွင်းလမ်းများ သွားရခက်ခဲခြင်း |
| ၂ | လျှပ်စစ်မီးအား နည်းပါး စွဲပြတ်ခြင်း | ၂ | လျှပ်စစ်မီးအား နည်းပါးခြင်း၊ ဆေးပေးခန်းမရှိခြင်း၊ သားဖွားဆရာမ မရှိခြင်း |
| ၃ | ကျေးရွာရေမြောင်းများ ပိတ်ဆို့ခြင်း | ၃ | ရေနုတ်မြောင်းမကောင်းခြင်း၊ ရေကန်ခြံစည်းရိုးမရှိခြင်း |
| ၄ | ရေကန်ခြံစည်းရိုးမရှိခြင်း၊ ရေမလုံလောက်ခြင်း | ၄ | ရေကန်၊ ရေပြောင်းကန်နှင့် ရေစက်များ မကောင်းခြင်း |
| ၅ | ရေပြောင်းသွတ်ကန်၊ ရေစက်၊ ဗုံတားများ ပျက်စီးခြင်း | ၅ | ကျောင်းကလေးအားကစားကွင်း၊ အမှိုက်ပုံးပစ်ကန်၊ ဗုံတား၊ ကင်းတဲမရှိခြင်း၊ ပြင်ဆင်ရန်လိုအပ်ခြင်း |

**ခ။ မျှော်မှန်းခြင်း** - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| **အမျိုးသား**အဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | **အမျိုးသမီး**အဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | |
|---|---|---|---|
| ၁ | ကျေးရွာတွင်းလမ်းများ ကွန်ကရစ်လမ်းဖြစ်ရန် | ၁ | ကျေးရွာတွင်းလမ်းများ ကွန်ကရစ်လမ်းဖြစ်လာစေရန် |
| ၂ | လျှပ်စစ်မီး အားများကောင်းမွန်လာစေရန် | ၂ | ဆေးပေးခန်း၊ သားဖွားဆရာမများ ရှိလာစေရန် |
| ၃ | ကျေးရွာတွင်းရေနုတ်မြောင်းများ ကောင်းလာစေရန် | ၃ | ရေနုတ်မြောင်းများကောင်းစေရန်၊ |
| ၄ | သောက်ရေလုံလောက်ရန်နှင့် ခြံစည်းရိုးကောင်းစေရန် | ၄ | ရေကန်နှင့် ရေစက်များ ကောင်းမွန်လုံလောက်စေရန် |
| ၅ | ဗုံတားများ ကောင်းမွန်လာစေရန် | ၅ | ကျောင်း၊ ကလေးအားကစားကွင်း၊ အမှိုက်ပစ်ကန်များ၊ ဗုံတား၊ ကင်းတဲများ ရှိလာစေရန် |

**ဂ။ လူထုစီမံကိန်း၏ လာမည့် ( ၄) နှစ်အတွက် အကျိုးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။**

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျ စရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေအတွက် |
|---|---|---|---|---|
| ၁ | ကျေးရွာတွင်းလမ်းဖောက်ရန် | ၈ + ၆ | ၁၀,၀၀၀,၀၀၀ | ၃၅၉ |
| ၂ | လျှပ်စစ်မီးအားမြှင့်တင်ရန် | ၈ + ၆ | ၁၀,၀၀၀,၀၀၀ | ၃၅၉ |
| ၃ | ရေနုတ်မြောင်းတူးဖော်ရန် | ၈ + ၆ | ၂,၀၀၀,၀၀၀ | ၃၅၉ |
| ၄ | ရေကန်ခြံစည်းရိုးဆောက်ရန် | ၈ + ၆ | ၃,၅၀၀,၀၀၀ | ၃၅၉ |
| ၅ | ရေကန်တူးဖော်ရန် | ၈ + ၆ | ၃,၀၀၀,၀၀၀ | ၃၅၉ |

| အဆင့် | ကျေးရွာအတွက် ဦးစားပေးဖွံ့ဖြိုး တိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသမီး/ အမျိုးသား/ အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျစရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းအရေအတွက် |
|---|---|---|---|---|
| (၆) | ရေပြောင်းနုတ်ကန် နှင့် ရေတက် ရှိလာရန် | က+မ | ၇,၀၀၀,၀၀၀ | ၃၅၉ |
| (၇) | ကျောင်းနှင့် ကလေးအားကစား ကွင်း ပြုလုပ်ရန် | က+မ | ၁၀,၀၀၀,၀၀၀ | ၃၅၉ |
| (၈) | ကျေးရွာဆေးပေးခန်းဆောက်ရန် | မ | ၈,၀၀၀,၀၀၀ | ၃၅၉ |
| (၉) | စာကြည့်တိုက် ဆောက်ရန် | မ | ၇,၀၀၀,၀၀၀ | ၃၅၉ |
| (၁၀) | အမှိုက်စွန့်ပစ်ကန် ပြုလုပ်ရန် | မ | ၃,၅၀၀,၀၀၀ | ၃၅၉ |
| (၁၁) | တံတားပြုပြင်ရန် | က+မ | ၉,၀၀၀,၀၀၀ | ၃၅၉ |
| (၁၂) | ကင်းတဲဆောက်လုပ်ရန် | မ | ၃,၅၀၀,၀၀၀ | ၃၅၉ |

ဃ။ လူထုစီမံကိန်း၏ လာမည့် ( ၄ ) နှစ်အတွက် အကျုံးမဝင်သော ဦးစားပေးဖွံ့ဖြိုးတိုးတတ်မှုလုပ်ငန်း အစီစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေးဖွံ့ဖြိုးတိုးတတ်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/ အမျိုးသား + အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁။ | ကျောင်းကြိုဆိုကား | က+မ | |
| ၂။ | အရေးကူညီမှုကား | က+မ | |
| | | | |
| | | | |
| | | | |

ခေါင်းဆောင်၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီမှ အတည်ပြုသည်။

အမည် ဦးဇော်ထွန်း -------- လက်မှတ် ---------- [signature] ---------- နေ့စွဲ ---- ၈.၁၁.၁၇ ----------

လူထုပဟိုပြုစီမံကိန်း

အစည်းအဝေးမှတ်တမ်း

ပြုလုပ်သည့်နေရာ ။ Learning Center

ပြုလုပ်သည့်နေ့ရက် ။ ၈.၁၁.၁၇

ပြုလုပ်သည့်အချိန် ။ ၁၀:၀၀

ကျေးရွာအုပ်စုအမည် ။ ရွှေပျောက် ၊ ကျိုက္ကမော့ကျေးရွာ

မြို့နယ်အမည် ။ ကျောက်တန်း

---

အစည်းအဝေးတက်ရောက်သူဦးရေ ။ ကျား (၂၇) ဦး ၊ မ (၂၅) ဦး ၊ = ၅၂ ဦး

အကြောင်းအရာ ။ ရွှေပျောက်ကျေးရွာအုပ်စု ၊ ကျိုက္ကမော့ကျေးရွာ ပထမအကြိမ် စီမံကိန်းမိတ်ဆက်အစည်းအဝေး။

ရည်ရွယ်ချက် ။ လူထုပဟိုပြုစီမံကိန်းအကြောင်း ပိုမိုသိရှိလာစေရန်နှင့် ကျေးရွာစေတနာ့ဝန်ထမ်းရွေးချယ်ရန်။

ဆွေးနွေးချက် ။ ကျိုက္ကမော့ကျေးရွာ ဥက္ကဋ္ဌ စေတနာ့ဝန် စီမံကိန်းမိတ်ဆက် အစည်းအဝေးတွင် ဝန်ထမ်းများနှင့် ယာဘ်ယ်မြူး ၊ ကော်မတီများ မိတ်ဆက်ကြပါသည်။ လူထုပဟိုပြု စီမံကိန်း၏ ရည်ရွယ်ချက်ကို လူထုစည်းရုံးရေးမှူး ဒေါ်မြမြစိုး မှ ရှင်းလင်းပြောကြားခဲ့ပါသည်။ ကျေးရွာလူထုအား စီမံကိန်းမှ ထောက်ပံ့ငွေ မဒ္ဒဇတ ယူပြီး ရရှိခဲ့ကြောင်း ၊ ဘာလုပ်ငန်းတွေ လုပ်ခဲ့ကြောင်း ၊ တစ်ရွာလုံး အကျိုးခံစားခွင့် ရှိမရှိ မေးမြန်းခဲ့ပါသည်။ ထို့နောက် လူထုစည်းရုံးရေးမှူး ဦးသိန်းသန်းဦး မှ စီမံကိန်းမိတ်ဆက်နှင့် စီမံကိန်းစက်ဝန်း ကို အကျဉ်းချုပ် ရှင်းလင်းပြောကြားခဲ့ပါသည်။ ထို့နောက် ကျေးရွာလူထုအား အစည်းအဝေးပြီးသည်ထိ ရှိနေပေးရန်၊ အိမ်ထောင်စု ၅၀% ရှိမှသာ အစည်းအဝေး အထမြောက်မည် ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။ စေတနာ့ဝန်ထမ်း ရွေးချယ်မှုနှင့် ပတ်သက်၍လည်း ဆွေးနွေးခဲ့ပါသည်။ လူမှုဆန်းစစ်ချက်နှင့် ပတ်သက်၍လည်း ဆန်းစစ်ချက်လုပ်ရသည့် အကြောင်းအရာများကို ရှင်းလင်းဆွေးနွေးခဲ့ပါသည်။

ဆုံးဖြတ်ချက် ။
သဘောတူညီချက်

"စေတနာ့ဝန်ထမ်း ရွေးရာတွင် ယခင်နှစ်မှ ဆောင်ရွက်ခဲ့သော
စေတနာ့ဝန်ထမ်း ဦးလင်းဇော်ထိုက် နှင့် ဒေါ်တက်တက်လင်း
အား ကျေးရွာလူထုရှေ့တွင် ဒုတိယနှစ်စက်ဝန်းတွင် ဆောင်ရွက်
လိုစိတ် ရှိမရှိကို မေးမြန်းခဲ့ရာ ဦးလင်းဇော်ထိုက် သည်
ဆက်လက်၍ ဒုတိယနှစ်စက်ဝန်းတွင် တာဝန်ထမ်းဆောင်ပါမည်ဟု
ဖြေကြားပါသည်။ သို့ဖြစ်ပါ၍ ကျေးရွာလူထုက သဘောတူ/မတူကို
မေးမြန်းအတည်ပြုခဲ့ကြပါသည်။ ဒေါ်တက်တက်လင်း သည်
ကျန်းမာရေးအခက်အခဲကြောင့် တာဝန်မထမ်းဆောင်နိုင်တော့သော
ကြောင့် ကျေးရွာလူထုမှ အမျိုးသမီး ၃ဦးအဆိုပြု၍
မဲစနစ်ဖြင့် ရွေးချယ်ခဲ့ကြပါသည်။ မဲအများဆုံး ရရှိသော
ဒေါ်တင်တင်ကြူ ကို ဒုတိယနှစ်စက်ဝန်း စေတနာ့ဝန်ထမ်းအဖြစ်
ရွေးချယ်ရရှိခဲ့ပါသည်။ ဒေါ်တင်တင်ကြူ နှင့် ကျေးရွာလူထုကို
သဘောတူ/မတူ မေးမြန်း၍ အတည်ပြုခဲ့ပါသည်။

ဆုံးဖြတ်ချက်။
သဘောတူညီချက်

"လူမှုဆိုင်ရာစစ်ခြင်းနှင့် ပတ်သက်၍ ဒေါ်ဝင်းစု (ဖြ၁၃)အား
ကျေးရွာလူထုနှင့် ဆွေးနွေးမှုအပေါ် ယခင်နှစ်မှ
လုပ်ဆောင်ထားသော ဆန်းစစ်ချက်များမှ လိုအပ်သည့်
ပြောင်းလဲမှုများကို ကော်မတီများ၊ ကျေးရွာလူထုများနှင့်
အတူ ဆောင်ရွက်ပြီး အစည်းအဝေးကို နိဂုံးချုပ်ခဲ့
ပါသည်။ ကျေးရွာလူထုအားလုံး၏ အားလပ်မှုအချိန်
အခြေအနေအရ၊ ဒုတိယ အကြိမ် အစည်းအဝေးကို မိနစ်
အနည်းငယ်ခြား၍ ဆက်လက်လုပ်ဆောင်ရန်
သဘောတူ ဆုံးဖြတ်ခဲ့ကြပါသည်။

Phyu
( မှတ်တမ်းတင်သူ )
ဒေါ်မြူလင်ဝင်း
CF

လူထုဗဟိုပြုစီမံကိန်း

အစည်းအဝေးမှတ်တမ်း

ပြုလုပ်သည့်နေရာ ။ Learning Center

ပြုလုပ်သည့်နေ့ရက် ။ ၈.၁၁.၁၇

ပြုလုပ်သည့်အချိန် ။ ၁၁:၀၀

ကျေးရွာအုပ်စုအမည် ။ ရွှေပျောက်

မြို့နယ်အမည် ။ ကျောက်တန်း

---

အစည်းအဝေးတက်ရောက်သူဦးရေ။ ။ ကျား (၂၇) ဦး၊ မ (၂၅) ဦး = ၅၂ ဦး

အကြောင်းအရာ။ ။ ရွှေပျောက်ကျေးရွာအုပ်စု၊ ကျိုက္ကမော့ကျေးရွာ ဒုတိယအကြိမ် မိတ်ဆက်အစည်းအဝေး

ရည်ရွယ်ချက်။ ။ ကျေးရွာအတွင်းလိုအပ်ချက် လုပ်ငန်းစဉ်များ ထွက်ပေါ်လာစေရန်နှင့် ငွေစီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ရန်အတွက် ကော်မတီများ ထွက်ပေါ်လာစေရန်။

ဆွေးနွေးချက်။ ။ ကျိုက္ကမော့ကျေးရွာ၏ ဒုတိယအကြိမ် စီမံကိန်း မိတ်ဆက် အစည်းအဝေးတွင် လက်တောက်နည်းပညာမှူး ဒေါ်မျိုးမျိုးသူမှ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ အကောင်အထည်ဖော်ရန်အတွက် ပထမနှစ်က လုပ်ဆောင်ခဲ့သော လုပ်ငန်းစဉ်များအကြောင်း ရှင်းပြပြီး ဒုတိယနှစ်စက်ဝန်းတွင်လည်း လုပ်ငန်းစဉ်အသစ်များ ပြန်လည်ပြင်ဆင်လိုပါက မဲစနစ်ဖြင့် ရွေးချယ်၍ မဲအများဆုံး ရရှိပါကလည်း နည်းပညာအရ မြို့နယ်မှ ခွင့်ပြုချက်ရမှသာ လုပ်ဆောင်နိုင်ကြောင်း ရှင်းပြခဲ့ပါသည်။ ကျေးရွာလူထုက မနှစ်က ရွေးချယ်ခဲ့သော လုပ်ငန်းအတိုင်း ဆက်လက်လုပ်ဆောင်သွားမည် ဖြစ်ကြောင်း ပြန်လည်ပြောကြားခဲ့ပါသည်။

ဆုံးဖြတ်ချက်။ သဘောတူညီချက် ။ "လုပ်ငန်းစဉ်အသစ်မရွေးတော့ကြောင်း၊ မနှစ်က ဦးစားပေး အတိုင်း လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အတည်ပြုခဲ့ပါသည်။ ထို့နောက် လက်တောက်နည်းပညာမှူးမှ မြို့နယ်သို့ တင်ပေးမည်ဖြစ်ကြောင်းနှင့် လည်ပတ်ပြုပြင်ထိန်းသိမ်းရေး အကြောင်းကို ပြောကြားခဲ့ပါသည်။

ဆုံးဖြတ်ချက်။
သဘောတူညီချက်

"ထို့နောက်လူထုစည်းရုံးရေးမှူးမှ ကော်မတီများသည် ဥတ်ပဒ္ဒစကော်ဝိုင်းတွင် အကလက်၍ လုပ်ဆောင်လိုစိတ် ရှိမရှိကို ကော်မတီတစ်ဦးချင်းဆီ မေးမြန်းခဲ့ရာ ဝပ်ဒ်ယှူရေးဆပ်ကော်မတီမှ အမျိုးသမီးတစ်ဦး၊ စောင့်ကြည့် ကြီးကြပ်ရေးဆပ်ကော်မတီမှ အမျိုးသားတစ်ဦး၊ ဆပ်နက်ကြွဲပြ ချက်ဖြေရှင်းရေးကော်မတီမှ အမျိုးသားတစ်ဦးနှင့်ကျေးရွာအာရင်ကိုင် တို့သည် ကျန်းမာရေးအရ၊ မိသားစုအခြေအနေအရ ဥတ်ပဒ္ဒတွင် မလုပ်ဆောင်နိုင်တော့ကြောင်း ပြောကြားခဲ့ပါသည်။ ထို့ကြောင့် ကျေးရွာလူထုနှင့် သဘောတူညီ၍ ဆပ်ကော်မတီတစ်ဦးချင်းဆီ အတွက် ၃ ဦး အဆိုပြုပေးပြီး မဲပေးစနစ်ဖြင့် မဲအများဆုံးရရှိသော သူများကို မိမိစိတ်ဆန္ဒအရ လုပ်ကိုင်လိုစိတ်ရှိမရှိ အတည်ပြုမေးခဲ့ပြီး ကျေးရွာလူထုမှလည်း သဘောတူမှုကို ၃ကြိမ် ၃ခါ မေးမြန်း၍ အတည်ပြုခဲ့ပါသည်။ ကော်မတီဝင်များကို မိမိတို့၏တာဝန်နှင့် ဝတ္တရားကို ရှင်းလင်းပြောပြခဲ့ပါသည်။ ထို့နောက် ဝေဖန်အကြံပြုတတ်ကြပုံနှင့်ပတ်သက်၍လည်း ရှင်းလင်းပြောကြားခဲ့ပါသည်။ ထို့နောက် အစည်းအဝေးကို အနှစ်ချုပ်၍ ရုပ်သိမ်းခဲ့ပါသည်။

Phyu
(မှတ်တမ်းတင်သူ)
ဒေါ်ဖြူခင်ဝင်း
CF

## ကျေးရွာဖွံ့ဖြိုးရေးစီမံချက်အရည်အသွေးထိန်းချုပ်မှု (Checklist for VDP)

ထိန်းချုပ်သူ- ရက်စွဲ- ၈.၁၁.၂၀၁၇ ကျေးရွာ- ကျိုက္ကမော့ VDP ရက်စွဲ - ၈.၁၁.၂၀၁၇
မြို့နယ်-ကျောက်တန်း ကျေးရွာအုပ်စု- ရွှေပျောက်

(၁) VDP စာရွက်စာတမ်းပြီးဆုံးမှုကို စစ်ဆေးပါ။ (OM အရ)

- မျက်နှာဖုံး (အဖုံး)
- မာတိကာ
- ကျေးရွာအခြေခံ Data
- PSA အကျဉ်းချုပ်နှင့် PRA လုပ်ငန်းစဉ်
- အမျိုးသား/အမျိုးသမီးအဖွဲ့များ၏ အခက်အခဲများ
- ကျေးရွာမျှော်မှန်းချက် (ဆွေးနွေးချက်ရလဒ်)
- အမျိုးသား/အမျိုးသမီးအဖွဲ့များသဘောတူထားသည့် နောင်လေးနှစ်အတွက် ဦးစားပေးလုပ်ငန်းများစာရင်း (အခြေခံအဆောက်အဦး၊အသက်မွေးမှု၊ ပညာရေး၊ လူမှုရေးထိန်းသိမ်းမှု....)

နောက်ဆက်တွဲများ-

- လူမှုရေးအကဲဖြတ်မှု စာရွက်စာတမ်းဓါတ်ပုံနှင့် PRA လုပ်ငန်းစဉ် (ဖြစ်နိုင်လျှင်)၊ မြေပုံများ ပါရမည်၊ စည်းစိမ်ပိုင်ဆိုင်မှုအဆင့်၊ venn ပုံ...
- ကျေးရွာစီမံကိန်းရေးဆွဲရေးအစည်းအဝေးမိတ္တူ
- ကျေးရွာ၏အချက်အလက် (PC 1 ပုံစံ)
- ကျေးရွာမျှော်မှန်းချက်

(၂) လူမှုရေးအကဲဖြတ်မှုအရည်အသွေးနှင့် VDP စစ်ဆေးပါ။

- VDP တွင်ပါဝင်သောဦးရေ (အမျိုးသား/အမျိုးသမီး)- ၊
- လူမှုရေးအကဲဖြတ်မှုအရည်အသွေးနှင့် VDP အတွက် ရက်ပေါင်း-
- PRA ပစ္စည်းများ အသုံးပြုသည့် အရေအတွက်-
- ပါဝင်သောဦးရေနှင့် လုပ်ငန်းများ မှတ်တမ်းတင်ခြင်း (အစည်းအဝေးမှတ်တမ်း၊ အဖွဲ့ဓါတ်ပုံ၊ တိုင်းရင်းသားအနည်းစုနှင့် ထိခိုက်လွယ်သော အဖွဲ့များ)
  - အလွန်ကောင်း
  - ကောင်း
  - ညံ့
- လုပ်ငန်းများ မှတ်တမ်းတင်ခြင်းနှင့် အမျိုးသမီးအဖွဲ့အစည်းအဝေး၏ရလဒ် အားခွဲခြားပေးထားသလား။
  - ရှိ
  - မရှိ
- စီမံကိန်းအရေအတွက် (အမျိုးသား/အမျိုးသမီးရွေးချယ်မှုအရေအတွက်)- ၊
- PRAနှင့်သက်ဆိုင်သောအခြား စီမံကိန်းအရေအတွက် (အမျိုးသား/အမျိုးသမီးရွေးချယ်မှုအရေအတွက်)- ၊